(ဋ) အပေါ်ယံမြေလွှာများကို စနစ်တကျ သိုလှောင်ထားရှိရန် နှင့် အပင်များ ပြန်လည်စိုက်ပျိုးရာ၌ အသုံးပြုသွားရန်၊

(ဌ) မြေတိုက်စားနိုင်မှု၊ ပြဿနာဖြစ်နိုင်သောနေရာများကို မြေတိုက်စားမှု ကာကွယ်ထိန်းချုပ်ရန်နှင့် ညစ်ညမ်းမှုရှိသည့် ဧရိယာများကို ပြန်လည်အသုံးပြုရန်၊

(ဍ) သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေ၊ ပုဒ်မ(၁၆)၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၅၃)၊ (၁၅၄)ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန်၊

(ဎ) ထွက်ရှိစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ၊ အငွေ့) စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဏ) စွန့်ထုတ်အရည်သတ်မှတ်ချက်အဆင့်နှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(တ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ရေးကို အလေးထားဆောင်ရွက်ရန်နှင့် လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ၊ နေထိုင်မှုစံချိန်စံညွှန်းများ၊ လုပ်ငန်းခွင်အခြေအနေစသည်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်သားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ သင်တန်းများပို့ချရန်၊

(ထ) စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊ ထိုအစီအစဉ်တွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများကို တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်စဉ်ကာလများအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊

(ဒ) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး၊ စောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အား ဆောင်ရွက်ပေးရန်၊